ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)

ကန်ပေါက်တာကျေးရွာ ၊ မော်ခါးအုပ်စု

၂၀၁၈ ခုနှစ် ပင်လည်ဘူးမြို့

မာတိကာ


၁။ ပင်လည်ဘူးမြို့နယ် မြေပုံ.....2

၂။ မော်ခါးအုပ်စုမြေပုံ.....3

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ.....4

၄။ ကျေးရွာအခြေခံအချက်အလက်များ.....4

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်.....6

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ.....7

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.....26

၈။ ကော်မတီဝင်များစာရင်း.....29

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်.....33

၁၀။ပုံစံ စ-၂ စီမံကိန်းစက်ဝန်းအချိန်ဇယား.....36


၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်.....37

၁၂။ ပုံစံ စ-၄။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ.....40


၁၃။ အစည်းအဝေး မှတ်တမ်းများ.....41

၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်.....45

## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ



၂။ မော်ခါးအုပ်စုမြေပုံ


မော်ခါးကျေးရွာအုပ်စု
မြ
တောင်ခြေရင်း
မံပင်
တံခေါက်တော
ဗဲတွင်း
သာယာကုန်း
မော်ကြီး
မော်ခါး
ရှင်ဖာ
ရည်ညွှန်းချက်
ကျေးရွာအုပ်စု
ကျေးရွာ
ချောင်း
ကားလမ်း
အုပ်စုနယ်နိမိတ်
မြို့နယ်နိမိတ်

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

မော်ခါးကျေးရွာအုပ်စုတွင် တောင်ခြေရင်း၊ ကန်ပေါက်တာ၊ အောင်ချမ်းသာ၊ မှန်ပင်၊ မော်ကြီး၊ ခဲတွင်း (၆) ရွာ ဖြစ်ပါသည်။ကဒူးတိုင်းရင်းသားလူမျိုးများ ဖြစ်ကြပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ကျေးရွာသမိုင်းအကျဉ်း

စစ်ကိုင်းတိုင်းဒေသကြီး ၊ကသာခရိုင် ၊ ပင်လည်ဘူးမြို့နယ်၊ မော်ခါးအုပ်စု ၊ ကန်ပေါက်တာ ကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ကျော်ခန့်ကစတင်ကာ ကဒူးလူမျိုးများစုပေါင်းနေ ထိုင်ခဲ့ကြ၏။ ၁၃၆၄ ခုနှစ် ယခင်ရွာဟောင်းတွင်နေထိုင်၍ ယခုအခါတွင် ကန်ပေါက်တာရွာအဖြစ် ပြောင်းလဲနေထိုင်ခဲ့ကြပါသည်။ မော်ခါးအုပ်စုတွင် ဖွံ့ဖြိုးမှုအနည်းဆုံးသော ရွာလေးဖြစ်ပါသည်။ ရေလွှမ်းသောကြောင့် ရွာဟောင်းမှပြောင်းခဲ့ရသည်ဟုသိရသည်။ ရွာသစ်တည်စတွင် အိမ်ခြေ ၂၀ခန့်ရှိပြီး နောင်တွင် တစ်နယ်သို့ပြောင်းသွားသောကြောင့် အိမ်ထောင်စု၁၀အိမ်ရှိနေပြီး လယ်ယာမြေစိုက်ပျိုးကာ နေထိုင်ကြပါသည်။ မွေးမြူရေးအတွက် ကျွဲ၊နွား ၊ကြက် ၊ဝက် မွေးမြူရေးကို လုပ်ကိုင်ကြသည်။

သောက်ရေအနေဖြင့် စိမ့်စမ်းရေသုံးစွဲပြီး နေထိုင်ကြပါသည်။ ပညာရေးအနေဖြင့် မူလတန်းကျောင်းဖြင့် ပညာသင်ကြားနေပြီးကျန်းမာရေးအနေဖြင့် မော်လင်ကျေးရွာ ဆေးခန်းမှ ကျန်းမာရေးစောင့်ရှောက်မှု အနည်းငယ်သာရှိပြီး စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းများ အဓိကထား၍ လုပ်ကိုင်ကြ၍ ပဲ၊ ကြက်သွန်နှင့် တောင်ယာများ စိုက်ပျိုးကြသည်။ ဘာသာသာသနာထွန်းကား၍ ဘုန်းတော်ကြီးကျောင်း တည်ထားကိုးကွယ် တည်ရှိနေပါသည်။ ပညာတတ်များပေါ်ထွန်းရေးကို ကြိုးစားနေပါသည်။ ပညာရေးကို ဦးစားပေးသောကျေးရွာလေးဖြစ်ပါသည်။ အိမ်များသည်ခြေတန်ရှည်အိမ်များဖြစ်ပြီးအိမ်အမိုး၊ အကာမှာ လည်းသက်ငယ်/သွပ်မိုးကိုသာသုံးကြသည်။ရွာပတ်လည်တွင် တောင်တန်းများဝိုင်းကာထားပါသည်။ ရွာသား/ကျေးရွာသူများ ၊ ရပ်မိရပ်ဖများအနေဖြင့် ကျေးရွာကို ဖွံ့ဖြိုးတိုးတက်အောင် တိုင်ပင်ဆွေးနွေး ကြိုးစားဆောင်ရွက်နေကြပါသည်။

### ၂။ ထူးခြားဖြစ်စဉ်-

၂၀၁၅ ခုနှစ် ရေလွှမ်းခြင်းဖြစ်ပေါ်၍ စပါးခင်းလယ်ကွက်များပျက်စီးခြင်း ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် လေပြင်းတိုက်ခတ်မှု ဖြစ်ပေါ်ခဲ့ပါသည်။

### ၃။ လူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ကဒူး | ၁၀ | ၂၈ | ၃၁ | ၅၉ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂ | ၂ | - | ၂ |
| မြေယာမဲ့ | | | | |
| မသန်စွမ်း | ၁ | ၁ | - | ၁ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကျွဲ (တပိုင်တနိုင်) | | |
| မြေပဲ | နွား (တပိုင်တနိုင်) | | |
| ကြက်သွန် | ဝက် (တပိုင်တနိုင်) | | |
| ငှက်ပျော | ကြက် (တပိုင်တနိုင်) | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၀ ဧက | ၁၀ ဧက | ၃၀ -ဧက | ရှိ | - / ၁ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | - | - | ၂ | - | ၃ | - |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၁ | ၈ | ၃၄ | ၁၄ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၁၈ | ၃ | - | ၂၀ | |

## ၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | | ၁ । - | - | - | ၂၀ | - | |
| | | | | | | | |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ ကျား | မ | ပေါင်း | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking) | ၇.၂.၂၀၁၇ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊အလွန်နွမ်းပါးအုပ်စများ | ၈ | ၈ | ၁၆ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၇.၂.၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၈ | ၈ | ၁၆ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ (Social Map/Resource Map) | ၇.၂.၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၈ | ၈ | ၁၆ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊ သစ်တောများ |
| ၄ | အခက်အခဲ၊လုပ်ငန်းနှင့်မျှော်မှန်းချက်များဖော်ထုတ်ခြင်း | ၂၀-၁၀-၂၀၁၇ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု၊ရပ်မိရပ်ဖအုပ်စု | ၂၆ | ၁၃ | ၃၉ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၂၀-၁၀-၂၀၁၇ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု၊ရပ်မိရပ်ဖအုပ်စု | ၂၆ | ၁၃ | ၃၉ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ်မူတည်၍ ဆုံးဖြတ်သည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၇.၂.၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီ/ ထောက်အဖွဲ့ | ၈ | ၈ | ၁၆ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၇ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၇.၂.၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၈ | ၈ | ၁၆ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |


| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ကျားမရေးရာခွဲခြမ်းစိတ်ဖြာခြင်း | ၇.၂.၂၀၁၇ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၈ | ၈ | ၁၆ | အမျိုးသားနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့်အကြောင်းအရင်းများ |
| ၉ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၈.၂.၂၀၁၇ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၈ | ၈ | ၁၆ | နောင်တစ်ချိန်တွင် ကျေးရွာတွင်ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | **အိမ်အခြေအနေ-** ပျဉ်ကာ၊ပျဉ်ခင်း၊၄-ပင်ပတ်လည် သွပ်မိုး။<br>**မြေယာပိုင်ဆိုင်မှု-** ၆ ဧက<br>ကျွဲ-၁၀၊ နွား-၆<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ ထွန်စက်။ | ၂ | ၂၀% |
| အလယ်အလတ် | **အိမ်အခြေအနေ-** ၃ပင်.၄ပင်အကျယ်<br>သက်ကယ်မိုး၊ထရံကာ၊ပျဉ်ခင်း။<br>**မြေယာပိုင်ဆိုင်မှု-** ၂ဧက<br>**ကျွဲ-၅၊ နွား-၃**<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ | ၅ | ၅၀% |
| နွမ်းပါး | **အိမ်အခြေအနေ-** ၃ပင်-၄ပင် သက်ကယ်မိုး၊ထရံကာ၊ကြမ်းခင်း<br>**မြေယာပိုင်ဆိုင်မှု-** ၁ ဧက<br>ကျွဲ - မရှိ ၊ နွား- ၂ ကောင်<br>**အခြားပိုင်ဆိုင်မှု** -မရှိ | ၂ | ၂၀% |
| အလွန်နွမ်းပါး | **အိမ်အခြေအနေ-** ၃ပင်-၄ပင် သက်ကယ်မိုး၊ ဝါးခင်း၊<br>ဝါးထရံကာ (ကျဉ်း)<br>**မြေယာပိုင်ဆိုင်မှု-** မရှိ<br>**ကျွဲ၊ နွား-** မရှိ<br>**အခြားပိုင်ဆိုင်မှု-** မရှိ။ | ၁ | ၁၀% |
| **စုစုပေါင်း** | | **၁၀** | **၁၀၀** |

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ကန်ပေါက်တာကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး၊စိုက်ပျိုးရေးအခြေအနေများ သိရှိနိုင်ရန် ရာသီဥတု၊ စိုက်ပျိုးရေး၊မွေးမြူရေး၊နေ့စားလုပ်ငန်း၊ဂမ်းစာဖူလုံမှု၊သဘာဂဘေးအန္တရာယ်၊ အလုပ်သမား ရှားပါးမှု၊ပွဲတော်များ ပါဂင်သော ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲပြီး ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်

ရာသီဥတု-တပေါင်းလမှ စ၍ နယုန်လအထိ နွေရာသီဖြစ်ပါသည်။ နယုန်လ လယ် မှ စ၍ သီတင်းကျွတ်လပြည့်နေ့ထိ လအထိ မိုးရာသီ ဖြစ်ပါသည်။ သီတင်းကျွတ်လ မှ စတင်၍ တပိုတွဲလ လယ်အထိ ဆောင်းရာသီ ဖြစ်ပါသည်။ နွေရာသီတွင် အေးစိမ့်သောလေများတိုက်၍ အေးပါသည်။ မိုးရာသီတွင် တောင်ကျချောင်းရေများ ရေများတတ်ပါသည်။ ဆောင်းရာသီတွင် မြူနှင်းများဆိုင်း၍ အလွန်အေးပါသည်။ တန်ခူးလတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပြီး နယုန်လတွင် စပါးစိုက်ပျိုးရန် ပျိုးထောင်ကြပြီး ဝါဆိုလတွင် ကောက်စိုက်ကြပါသည်။ နတ်တော်လမှတပို့တွဲလအထိ ကြက်သွန်၊ မြေပဲတို့ကို စိုက်ပျိုးကြပါသည်။ အခြာသီးနှံများလည်း စိုက်ပျိုးပါသည်။ကြက်၊ ဂက်၊ ကျွဲ၊ နွားတို့ကို ရာသီမရွေး တပိုင်တနိုင် မွေးမြူကြပါသည်။ တစ်အုပ်တစ်မ စီးပွားဖြစ် မွေးမြူသူများ မရှိပါ။

လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ မြေပဲ၊ ကြက်သွန်များ စိုက်ပျိုးချိန်၊ သိမ်းဆည်း ချိန်များတွင်နေ့စားလုပ်ငန်း များရှိပါသည်။ အခြားအချိန်များတွင် ပြင်ပထွက်၍ ငွေရှာရပါသည်။ဂါဆို၊ ဂါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ရေကြီးခြင်း မကြာခဏ ဖြစ်ပွားသည်။ တောင်ကျချောင်း ရေများလာပါက လယ်မြေများ ရေလွှမ်းပျက်စီးတတ်ပါသည်။တန်ဆောင်မုန်းလမှဂါခေါင်လအထိ ဂမ်းစာ ဖူလုံမှုရှိပြီး တော်သလင်း၊ သီတင်းကျွတ်လများတွင် ဂမ်းစာဖူလုံမှု မရှိပါ။ ကျေးရွာရှိ အိမ်ထောင်စုများမှာ ဂမ်းစာဖူလုံမှု မရှိကြပါ။လယ်ယာစိုက်ပျိုးချိန်၊ရိတ်သိမ်းချိန်၊မြေပဲစိုက်ပျိုးချိန်၊သိမ်းဆည်းချိန် များတွင်လုပ်သား ရှားပါး ပါသည်။ အခြားအချိန်များတွင် အခြားဒေသများသို့ သွားရောက်ကာ ဂင်ငွေရှာသွားရပါသည်။လရာသီ အလိုက်ပွဲတော်များရှိပါသည်။ကဒူးတိုင်းရင်းသား ရွာများရှိဘုန်းတော်ကြီးကျောင်းသို့အချင်းချင်း သွားရောက် ကာ ကန်တော့လေ့ရှိပါသည်။တိုင်းရင်းသား ပွဲတော်များလည်းရှိပါသည်။

### ၃.၁။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ကန်ပေါက်တာကျေးရွာတွင် အိမ်ခြေ (၁၀) အိမ်ရှိပြီး စီးပွားအဆင့်(၄)ဆင့် ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ ၄င်းအဆင့်များမှာ (၁) ချမ်းသာ၊ (၂) အလယ်အလတ်၊ (၃) နွမ်းပါး၊(၄) အလွန်နွမ်းပါးအဆင့်တို့ဖြစ်ပြီး လူတန်းစား(၄)မျိုးလုံး ကျေးရွာတွင်ပျံ့နှံ့၍နေထိုင်ကြကြောင်း ဆွေးနွေးခဲ့ကြသည်။

## သုံးသပ်ချက်

ကန်ပေါက်တာကျေးရွာတွင်စီပွားရေးအဆင့်(၄)(ချမ်းသာအဆင့်၊အလယ်အလတ်အဆင့်၊နွမ်းပါး၊ အလွန်နွမ်းပါး) မျိုးရှိပြီး ကျေးရွာများတွင် ကဒူးလူမျိုး စုစည်းစွာနေထိုင်ကြပါသည်။ တောင်တန်းပေါ်တွင် အိမ်ဆောက်၍ စုပေါင်းနေထိုင်ကြပါသည်။ ကန်ပေါက်တာကျေးရွာ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ချောင်းကူးတံတားများ မရှိသောကြောင့် မိုးတွင်းကာလတွင် လမ်းမကောင်းပါသဖြင့် သွာလာရေးလွန်စွာခက်ခဲပါသည်။ ပင်လည်ဘူးမြို့နှင့် မိုင်၃၀ မိုင်ဝေးကွာပါသည်။ တောင်ပေါ်လမ်းများဖြစ်ပြီး နွေရာသီတွင် အနည်းငယ် သွားလာရလွယ်ကူပါသည်။မှန်ပင်ကျေးရွာတွင် ဆေးပေးခန်း ရှိပါသည်။

ကန်ပေါက်တာကျေးရွာမှ ၄ မိုင်ခန့် ဝေးကွာသောကြောင့် ကျန်းမာရေးအတွက် ခက်ခဲပါသည်။ ကျေးရွာတွင် ဆေးဝါးကျွမ်းကျင်သူမရှိပါ။ ဆေးပေးခန်းတွင်လည်း တစ်ခါတစ်ရံ ကျန်းမာရေးအတွက်ကိုက်ညီသော ဆေးဝါးမရှိခြင်း ကြုံတွေ့ရပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုလုံလောက်စွာ မရရှိပါ။ရွာတွင် စိမ့်စမ်းရေသွယ်ရေကန် ရှိပါသည်။ ရွာရှိ မိသားစုများအတွက် ရေကန်တွင် သုံးရေ အသုံးပြုကြပါသည် ။ သုံးရေအတွက် ရွာဘေးမှ ဖြတ်စီးသွားသော ချောင်းမှရေကို အသုံးပြုကြရပါသည်။ နွေရာသီတွင် အသုံးပြုရလွယ်ကူပါသည် ။ရွာ၏အရှေ့ဘက်ကုန်းပေါ်တွင် ဘုန်းတော်ကြီးကျောင်း၊ ရွာအလယ်တွင် ဆရာမနေအိမ်များ နှင့် စာသင်ကျောင်း တို့ရှိ ပါသည်။ ဗုဒ္ဓဘာသာနယ်မြေဖြစ်ပါသည်။

၃.၂။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်



## ဆွေးနွေးချက်

ကန်ပေါက်တာကျေးရွာသည် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်အပေါ် မှီခိုနေရသော ကျေးရွာ လေး ဖြစ်ပါသည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း ၊စာသင်ကျောင်း တို့ရှိ ပါသည်။ ရွာ၏ပတ်ဝန်းကျင်တွင် လယ်ကွင်းများ ၊သစ်တောများရှိပါသည်။ထိုသစ်တောများမှထင်းနှင့်ဝါးများ ကိုလည်း ထုတ်ယူသုံးစွဲ နိုင်ပါသည်။ လယ်မြေများတွင် စပါး၊နှမ်းများလည်းစိုက်ပျိုးလုပ်ကိုင်ကြပါသည်။

## သုံးသပ်ချက်

### ပတ်ဝန်းကျင်ရှိအရင်းအမြစ်များ

ကန်ပေါက်တာကျေးရွာ၏ တောင်ဘက်မှ ရွာဘေးသို့စီးဆင်းသွားသော ချောင်းရှိပြီး လယ်/ယာစိုက်ပျိုးရေးအတွက် ရေကို ချောင်းအတွင်း ကိုယ်ထူကိုယ်ထ သစ်လုံးဆည် တည်ဆောက်ပြီး ၄င်းဆည်မှ တူးမြောင်းဖြင့် ရေသွင်းစိုက်ပျိုးကြသည်။ မြောက်ဘက်တွင် တောင်ယာများရှိပြီး တောင်တန်းများ တည်ရှိနေပါသည်။ရွာ၏ တောင်ဘက်တွင် လယ်ကွင်းများရှိပြီး တောင်ဘက်နှင့်မြောက်ဘက်တွင် တောင်တန်းများ ဝန်းရံထားပြီး နှင့်အနောက်ဘက်တွင် လယ်ကွင်းများရှိပါသည်။

စာကျက်မြေများလည်းရှိပြီး လယ်မြေများတွင်မိုးရာသီတွင် စပါး၊ နွေရာသီတွင် မြေပဲ၊ ကြက်သွန်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည်။ ကန်ပေါက်တာရွာတွင် ကျွဲ၊နွား၊ကြက်၊ဝက် များလည်း တပိုင်တနိုင်မွေးမြူကြ သည်။ စိုက်ပျိုးရေးနည်းပညာများမသိခြင်း၊ အချို့တွင် မိုးရေဖြင့်သာစိုက်ပျိုးရခြင်း ၊မျိုးကောင်းမျိုးသန့်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲသောကြောင့် စီးပွားရေး၊ ပညာရေး အားနည်းပါသည်။ စနစ်ကျသော မွေးမြူနည်းမသိခြင်းကြောင့် ဓလေ့မွေးမြူနည်းဖြင့်သာ မွေးမြူကြပါသည်။

### အရင်းအမြစ်နှင့်ဆက်စပ်သောပြဿနာများ-

ကန်ပေါက်တာကျေးရွာသည် စိုက်ပျိုးရေးအတွက် ဆည်ရေသွင်းဖြစ်သော်လည်း ရာသီဥတု မမှန်ပါက သီးနှံဖြစ်ထွန်းမှု နည်းပါးပါသည်။ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် မရှိသဖြင့် အထွက်နှုန်းလျော့ပြီး အကြွေးတင်မှုများ ရှိလာပါသည်။ မိုးတွင်းကာလတွင် ချောင်းရေကြီးလျှင် စပါးခင်းများ ရေလွှမ်းတတ်ပါသည်။ အရင်းအမြစ်များကို မှန်ကန်စွာ အသုံးချတတ်မှု အားနည်းခြင်းများ ရှိနေပါသည်။ အရင်းအမြစ်များ အသုံးချရန် လိုအပ်သော နည်းပညာ အကူအညီများ လိုအပ်နေပါသည်။ စိုက်ပျိုးဌာန နှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၄။အခက်အခဲ၊လုပ်ငန်းနှင့်မျှော်မှန်းချက်များဖော်ထုတ်ခြင်း

( မော်ခါး ) အုပ်စု၊ ( ကန်ပေါက်တော )ကျေးရွာ အခက်အခဲ၊လုပ်ငန်း၊မျှော်မှန်းချက်များဖော်ထုတ်ခြင်း (အကျိုးဝင်သောလုပ်ငန်းများ)

| ဦးစားပေးအဆင့် | အခက်အခဲ | လုပ်ငန်း | မျှော်မှန်းချက် | အမျိုးသမီးအဖွဲ့ | အမျိုးသားအဖွဲ့ | ဆောင်ရွက်ခဲ့သည့်/မည့်နှစ် |
|---|---|---|---|---|---|---|
| ၁ | သောက်သုံးရေလုံလောက်မှုမရှိ | စိမ့်စမ်းရေသွယ်ယူခြင်း | သောက်သုံးရေလုံလောက်မှုရှိပြီ | ✓ | | ၂၀၁၇ |
| ၂ | ကလေးများ မိုးပေါက်ခံ၍စာသင်နေရခြင်း | စာသင်ကျောင်းတစ်လုံးဆောက် | ပညာသင်ကြားရာတွင်အဆင်ပြေ | ✓ | ✓ | ၂၀၁၈ |
| ၃ | အသိပညာ ဗဟုသုတ အားနည်းခြင်း | စာကြည့်တိုက် | အသိပညာတိုးလာမည် | ✓ | ✓ | |
| ၄ | ကလေးများအမှုန်ခံ၍စာသင်နေရခြင်း | စာသင်ကျောင်းမိုးပါး | ဖုန်မှုန့်ဒဏ်မှကာကွယ်နိုင်မည် | ✓ | | |
| ၅ | ကလေးများဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း | စာသင်ကျောင်းအိမ်သာ | ကျန်းမာရေးနှင့်အညီနေနိုင်မည် | ✓ | | |
| ၆ | မိုးတွင်းကာလသွားလာရခက်ခဲခြင်း | ရွာတွင်းလမ်းကျောက်ခင်း | သွားလာရအဆင်ပြေချောမွေ့လာမည် | ✓ | ✓ | |
| ၇ | ပစ္စည်းသယ်ယူရခက်ခဲခြင်း | ရွာဝင်ဆက်သွယ်လမ်းကျောက်ခင်း | သယ်ယူပို့ဆောင်ရေးလွယ်ကူမည် | ✓ | ✓ | |
| ၈ | ဧည့်ခံကျွေးမွေးရန်နေရာမရှိခြင်း | ကျေးရွာခန်းမဆောင် | အခမ်းအနားကျင်းပရန်အဆင်ပြေမည် | ✓ | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ပါဝင်ဆွေးနွေးသူ ကျား ( ၁၇ ) ဦး၊ မ ( ၁၅ ) ဦး   ရက်စွဲ။ 20-10-2017   မှတ်တမ်းတင်သူ (လူထုစည်းရုံးရေးမှူး) ဦး/ဒေါ် ဒေါ်သောင်းထွန်း

## ဆွေးနွေးချက်

အမျိုးသမီး၊အမျိုးသားအုပ်စုများမှ ကျေးရွာ အခက်အခဲများကို ဦးစွာဆွေးနွေးခြင်း၊ မျှော်မှန်းချက်များကို ဆွေးနွေးခြင်း၊ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်

ဆွေးနွေးရရှိလာသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားရန်လိုအပ်ကြောင်း၊ကျေးရွာခွဲခေါင်းဆောင်များ၊အုပ်စု အုပ်ချုပ်ရေးမှူးများ တဆင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက် တင်ပြရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်။

## ၅။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)

ဖော်ဒါ: ကျေးရွာအုပ်စု၊ ကန်ပေါက်ဘ ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်

| စဉ် | အကြောင်းအရာ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ရမှတ် | အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | စာသင်ကျောင်းအိမ်သာ | X | ၂ | ၁ | ၄ | ၁ | ၆ | ၇ | ၁ | | | ၃ | ၅ | |
| ၂ | စာကြည့်တိုက် | | X | ၂ | ၄ | ၂ | ၆ | ၂ | ၂ | | | ၅ | ၃ | |
| ၃ | ရွာတွင်းလမ်းကျောက်ခင်း | | | X | ၄ | ၃ | ၆ | ၇ | ၃ | | | ၂ | ၆ | |
| ၄ | စိမ့်စမ်းရေသွယ် | | | | X | ၄ | ၄ | ၄ | ၄ | | | ၇ | ၁ | |
| ၅ | ကျေးရွာခန်းမဆောင် | | | | | X | ၆ | ၇ | ၈ | | | ၀ | ၈ | |
| ၆ | စာသင်ကျောင်းတည်ဆောက် | | | | | | X | ၆ | ၆ | | | ၆ | ၂ | |
| ၇ | စာသင်ကျောင်းမိုးမိုး | | | | | | | X | ၇ | | | ၄ | ၄ | |
| ၈ | ရွာချင်းဆက်လမ်းကျောက်ခင်း | | | | | | | | X | | | ၁ | ၇ | |
| ၉ | | | | | | | | | | X | | | | |
| ၁၀ | | | | | | | | | | | X | | | |

ပါဝင်ဆွေးနွေးသူ ကျား( ၁၇ )မ( ၁၅ )ဦး ရက်စွဲ။ 20.10.2017

မှတ်တမ်းတင်သူ (လူထုစည်းရုံးရေးမှူး)
ဦးသောင်းထွန်း


## ဆွေးနွေးချက်

ဆွေးနွေးရရှိလာသော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့် ရွေးချယ်သတ်မှတ်ရန် အတွက်လုပ်ငန်း တစ်ခုနှင့်တစ်ခု နိုင်းယှဉ် အမှတ်ပေးသည့်စနစ်ကို အသုံးပြုခဲ့ ကြပါ သည်။

## သုံးသပ်ချက်

ဦးစားပေးအဆင့်အလိုက် လူထုဗဟိုပြုစီမံကိန်းမှ ပံ့ပိုးငွေဖြင့်ဆောင်ရွက်ပြီးသော လုပ်ငန်းများရှိ သကဲ့သို့ အခြား အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများလည်းရှိပါသည်။ ကိုယ်ထူ ကိုယ်ထဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာလူထုအစည်းအဝေးပွဲများတွင် ချပြဆွေးနွေးသွားရန်လိုအပ်မည်ဖြစ်ပါသည်။

## ၆။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ကျေးရွာပြင်ပတွင်ရှိသည့် အဖွဲ့အစည်းများနှင့် ကျေးရွာလူထု ချိတ်ဆက် ဆောင်ရွက် နေမှုအနေအထား ကို ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်


### ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ

ကျေးရွာလူထုနှင့်အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာ အုပ်ချုပ်ရေး အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အမျိုးသားအဖွဲ့၊အမျိုးသမီးများအဖွဲ့၊ ဂေါပကအဖွဲ့ ကျေးရွာစီမံကိန်း အထောက်အကူ ပြုကော်မတီများရှိကြပြီး စုပေါင်းအစည်းအဝေးပြုလုပ် မှတ်တမ်းတင်ကာ ကျေးရွာ၏ ဘာသာရေး ၊ လူမှုရေး ၊ သာရေး၊ နာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာအကျိုးပြုလုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်ကြပါသည်။

### ကျေးရွာပြင်ပအဖွဲ့အစည်းများ

ကန်ပေါက်တာကျေးရွာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်း၊ မွေးမြူရေး၊ စိုက်ပျိုးရေး ၊ မြေစာရင်း၊ သမ၊ စိုက်ဘဏ်၊ လ.ဂ.က၊ နှင့် မြို့နယ်ရဲတပ်ဖွဲ့ လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်မှု များရှိ ပါသည်။

## ၇။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

အမျိုးသား၊အမျိုးသမီးများ ကျေးရွာတွင် တန်းတူညီမျှမှုရှိ/မရှိ သိရှိစေနိုင်ရန် ပူးပေါင်းပါဝင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ခေါင်းဆောင်မှု၊ ဝင်ငွေ၊ အိမ်မှုကိစ္စ ဆောင်ရွက်မှု ၊ပညာရေးလက်လှမ်းမှီမှု၊ ဆုံးဖြတ်ချက် ချနိုင်မှု(ရပ်ရေးရွာရေး)၊ဝင်ငွေအပေါ်စီမံခန့်ခွဲမှု အစရှိသည့်ခေါင်းစဉ်ရှစ်မျိုးဖြင့် ကျား၊မ သီးသန့် အုပ်စုခွဲကာ ဆွေးနွေးခဲ့ပါသည်။

**သုံးသပ်ချက်**


ကန်ပေါက်တာကျေးရွာတွင် ရပ်ရေးရွာရေးတွင်ပူးပေါင်းပါဝင်မှု မှာ အမျိုးသားများများက ၇၀% နှင့် အမျိုးသမီးများ ၅၀%ရှိနေ၍ တန်းတူဖြစ်အောင် ကြိုးစားရန်လိုအပ် ပါကြောင်းတွေ့ရှိရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုတွင်အမျိုးသားများကပိုမိုနေပြီး စိုက်ပျိုးရာသီ ပြီးချိန် အမျိုးသားများက မြို့နယ်ပြင်ပ သို့သွား ရောက်လုပ်ကိုင်နေကြ၍ဖြစ်ပါသည်။အမျိုးသားများ ၉၀%နှင့်အမျိုးသမီးများက ၄၀%သာရှိကြောင်းတွေ့ရပါသည်။အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့်(၄)အထိ ရောက်ရှိနေပြီး အမျိုးသားများသာ ဝင်ငွေပိုရရှိနေသည့် အနေအထားတွေ့ရပါသည်။

အမျိုးသားများက အပြင်ထွက်စီးပွား ရှာနေချိန်တွင် အမျိုးသမီးများက အိမ်မှုကိစ္စ၊ သားသမီး ကိစ္စများ ဆောင်ရွက် နေရသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်အမျိုးသမီးများ၏ ဝင်ငွေနှင်အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။အရင်းအမြစ်အပေါ်အမှီပြု၍ အသက်မွေးဝမ်း ကြောင်း ပြုနိုင်မှုမှာ ကွာဟချက် မရှိပါ။ အကြောင်းမှာတောတောင်များထဲတွင် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ အတူတကွ လုပ်ကိုင် ကြသောကြောင့်ဖြစ်သည်။ကန်ပေါက်တာကျေးရွာအနေဖြင့် ပညာသင်ကြားခွင့်နှင့် ပညာတတ်မြောက်မှုတွင် အမျိုးသမီးများက အခွင့်အရေး ပိုနည်း နေသည်ကို တွေ့ရပါသည်။

အမျိုးသားများအနေဖြင့် မိမိကျေးရွာမှအခြားရွာများသို့သွားရောက်ပညာသင်ကြားသော ကြောင့်ဖြစ်ပါသည်။ အမျိုးသမီးအနေဖြင့်ပညာရေးကို လက်လှမ်းမမှီသည့်အနေအထားရှိ ပါသည်။ ရပ်ရေးရွာရေး ကိစ္စများတွင်အရေးပါမှုနှင့် ဆုံးဖြတ်ချက် ချသည့်နေရာများတွင် အမျိုးသမီးများ၏ အဆင့် နေရာသည် များစွာကွာဟမှု ရှိနေပြီးတန်း တူမှုမရရှိသေးပါ။ ကန်ပေါက်တာရွာမှ အမျိုးသမီးများ အားနေရာပေးမှုမှာ အစဉ်အလာအရ အမျိုးသားများက နေရာ ယူထားပြီး အမျိုးသမီးများ ကလည်း နေရာယူတတ်ရန် နှင့် စွမ်းဆောင်ရည်ရှိရန် လိုအပ်နေ ပါသေး သည်။

အမျိုးသမီးများသည် အဆင့် ၄တွင်သာရှိသောကြောင့် ခေါင်းဆောင်ခွင့်ပေးရန် လိုနေသေး ကြောင်း တွေ့ရှိရပါသည်။ ကန်ပေါက်တာ ကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီးများတွင် အမျိုးသမီးများ က ပိုမိုဆောင်ရွက် နေကြရ ပါသည်။ အမျိုးသမီးများက အိမ်မှုကိစ္စ ဆောင်ရွက် နေရသောကြောင့် အလုပ်အကိုင် အခွင့်အလမ်း၊ ဝင်ငွေနည်းပါကြပါသည်။ ရွာမှ အမျိုးသား များအနေဖြင့် အိမ်မှုကိစ္စများ တွင် ပိုင်းကူလုပ်ပေး ရန်လိုအပ် ပါသည်။ အမျိုးသမီးများ၏ အိမ်မှုကိစ္စဆောင်ရွက်မှုမှာ အဆင့် ၈၀%တွင် ရှိကြောင်းတွေ့နိုင်ပါသည်။

## ၈။ ကျား၊မရေးရာ ခွဲခြမ်းစိတ်ဖြာခြင်း




**ဆွေးနွေးချက်**

ကျား၊မရေးရာကဏ္ဍ ပိုမိုပေါ်လွင်စေရန်နှင့် ကျား-မတန်းတူညီမျှမှုရှိ/မရှိ သိရှိနိုင်ရန်အတွက် အရင်း အမြစ်များ ကို အများဆုံးအသုံးပြုမှုနှင့် ထိန်းချုပ်မှုအကြောင်းအရာများကိုဆွေးနွေးခဲ့ပါသည်။

**သုံးသပ်ချက်**

အရင်းအမြစ်များကို အသုံးပြုမှုနှင့် ထိန်းချုပ်မှုတို့တွင် အမျိုးသားများအနေဖြင့် ခွန်အားကို အသုံးပြုပြီးလုပ်ကိုင်ရသော အရင်းအမြစ်များကို ပိုမိုအသုံးပြုမှုနှင့် ထိန်းချုပ်မှုများရှိပါသည်။အမျိုးသမီးများ အနေဖြင့် အရင်းအမြစ်များကို အသုံးပြုမှုနှင့် ထိန်းချုပ်မှုတို့တွင် အမျိုးသားများနည်းတူ မရှိသော်လည်း ကျား၊မ သီးခြား အသုံးပြုရမည်၊ထိန်းချုပ်ရမည်ဟူ၍ ခွဲခြားသတ်မှတ်ထားသည့် အရာများ ကျေးရွာတွင် မရှိသည်ကို တွေ့ရပါသည်။

## ၉။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ကျေးရွာ၏ အနာဂါတ်မြေပုံတွင် ကျေးရွာလူထုမှ နောင်တွင်မျှော်မှန်းထားသော အရင်းအမြစ်များ နှင့် ဝန်ဆောင်မှုများ ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်

ကန်ပေါက်တာကျေးရွာတွင် စာသင်ကျောင်း တည်ဆောက်ခြင်းကြောင့် ကျောင်းသား/ ကျောင်းသူ ကလေးငယ်များ စိတ်ချမ်းသာစွာ ပညာသင်ကြားခွင့်ရ၍ ပညာရေးမြင့်မားလာမည်။ ကျေးရွာချင်းဆက်လမ်း / တံတားများ တည်ဆောက်ခြင်းကြောင့် ရာသီမရွေးသွားလာနိုင်မည်။ ကုန်သွယ်မှု ကောင်းလာမည်၊ စီးပွားရေးအခွင့်အလမ်း ကောင်းလာမည်။ ရွာတွင်းလမ်းများကို ပြုပြင်ဆောင်ရွက်ခြင်း၊ ရေမြောင်းများ တူးဖေါ်မည်။လျှပ်စစ်မီးများရလာ၍ လူနေထိုင်မှုစနစ် ကောင်းမွန်လာမည်။ စာကြည့်တိုက်တည်ဆောက်၍ ဗဟုသုတရရှိစေသော စာအုပ်များ ပြည့်စုံလုံလောက်စွာရှိသော စာကြည့်တိုက်တစ်လုံးရှိမည် ဖြစ်သည်။

မူကြိုကျောင်းတည်ဆောက်၍ ကလေးငယ်များ ပညာသင်ကြားပေးမည်။ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ခြင်းကြောင့် သွားလာမှုလွယ်ကူလာ၍ ပညာရေးဗဟုသုတများ ပြည့်စုံခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်လာအောင်ဆောင်ရွက်နိုင်ခြင်း၊ ကျန်းမာရေး နှင့်သက်ဆိုင်သော အသိအမြင် ကျယ်လာ၍ လူနေထိုင်မှုစနစ်များ တိုးတက်လာမည်။ဆိုလာမီးများ ရလာ၍ လျှပ်စစ်မီး ရရှိပြီး ကျေးရွာတွင် ကလေးများ ပညာရေးတိုးတက်လာမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာ မည်ဖြစ်ပါသည်။ ကျေးရွာရှိ အမျိုးသမီးများ အိမ်တွင်းမှုလုပ်ငန်းလုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေ ရှိဖွေလာနိုင် မည်ဖြစ်ပါကြောင်း သုံးသပ်မိ ပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းမှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲနေသော မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲနေသော မှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

( ကန်ပေါက်ကြီး - [illegible] )ကျေးရွာ စီမံကိန်းအကောင်အကျပြုကော်မတီ

( ဖော်ဝါ: )အုပ်စု

( ပထမ )နှစ် စီမံကိန်းစက်ဝန်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးပေါ်ရွှေ | ကျေးရွာစီ/ထောက်ညွှန် |
| ၂။ | | ကျေးရွာစီ/ထောက်ညွှန် |
| ၃။ | ဦးဝင်းဇော် | ဝယ်ယူရေးခေါင်းဆောင် |
| ၄။ | ဒေါ်စမူရွှေ | ဝယ်ယူရေးဆပ်ကော်မတီမှတ်တမ်းထိန်း |
| ၅။ | | ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၆။ | ဦးအောင်စိန် | စောင့်ကြည့်ကြီးကြပ်ရေးခေါင်းဆောင် |
| ၇။ | ဒေါ်သောင်းမြ | စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဝင် |
| ၈။ | | စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဝင် |
| ၉။ | ဦးဝင်းရွှေ | လည်ပတ်/ပြင်ထိန်းခေါင်းဆောင် |
| ၁၀။ | ဒေါ်စပူ | လည်ပတ်/ပြင်ထိန်းအဖွဲ့ဝင် |
| ၁၁။ | | လည်ပတ်/ပြင်ထိန်းအဖွဲ့ဝင် |
| ၁၂။ | ဦးထွန်းရွှေ | ဝေဖန်အကြံပြုဖြေရှင်းရေးအဖွဲ့ဝင် |
| ၁၃။ | ဒေါ်စနီ | ဝေဖန်အကြံပြုဖြေရှင်းရေးအဖွဲ့ဝင် |
| ၁၄။ | ဦးရွှေအောင် | စေတနာ့ဝန်ထမ်း |
| ၁၅။ | ဒေါ်ချိုနိုင် | စေတနာ့ဝန်ထမ်း |
| ၁၆။ | ဦးပေါ်အောင် | ကျေးရွာငွေစာရင်းကိုင် |

( ကန်ပေါက်ကြာ )ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ

( ယော်ဒါး )အုပ်စု

( ဒုတိယ )နှစ် စီမံကိန်းစက်ဝန်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးဝင်းငွေ | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ဖြိုးဖြိုးကြည် | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၃။ | ဦးအောင်ဝင်းနိုင် | ဝယ်ယူရေးခေါင်းဆောင် |
| ၄။ | ဒေါ်မမိုး | ဝယ်ယူရေးဆပ်ကော်မတီမှတ်တမ်းထိန်း |
| ၅။ | ဦးဝင်းဦး | ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၆။ | ဦးဖွဲ့မောင် | စောင့်ကြည့်ကြီးကြပ်ရေးခေါင်းဆောင် |
| ၇။ | ဒေါ်စမူ | စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဝင် |
| ၈။ | ဒေါ်သိန်းဆွေ | စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဝင် |
| ၉။ | ဦးပေါ်အောင် | လည်ပတ်/ပြင်ထိန်းခေါင်းဆောင် |
| ၁၀။ | ဒေါ်မနု | လည်ပတ်/ပြင်ထိန်းအဖွဲ့ဝင် |
| ၁၁။ | ဒေါ်ဝင်းနု | လည်ပတ်/ပြင်ထိန်းအဖွဲ့ဝင် |
| ၁၂။ | ဦးဝင်းဇော် | ဝေဖန်အကြံပြုဖြေရှင်းရေးအဖွဲ့ဝင် |
| ၁၃။ | ဒေါ်လှငွေ | ဝေဖန်အကြံပြုဖြေရှင်းရေးအဖွဲ့ဝင် |
| ၁၄။ | ဦးသာနုပ် | စေတနာ့ဝန်ထမ်း |
| ၁၅။ | ဒေါ်ချိုကြိုင် | စေတနာ့ဝန်ထမ်း |
| ၁၆။ | ဦးသန်းငွေ | ကျေးရွာငွေစာရင်းကိုင် |

(ကန်ပေါင်ကြီး+တောင်ဖြေရင်း)ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ

( ဖော်ဒါး )အုပ်စု

( တတိယနှစ် )နှစ် စီမံကိန်းစက်ဝန်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးဝင်းရွှေ | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၂။ | ဒေါ်မြင့်မြင့်ကြည် | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၃။ | ဦးအောင်ဝင်းနိုင် | ဝယ်ယူရေးခေါင်းဆောင် |
| ၄။ | ဒေါ်ယမိုး | ဝယ်ယူရေးဆပ်ကော်မတီမှတ်တမ်းထိန်း |
| ၅။ | ဦးဝင်းမို | ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၆။ | ဦးမွဲအောင် | စောင့်ကြည့်ကြီးကြပ်ရေးခေါင်းဆောင် |
| ၇။ | ဒေါ်မပု | စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဝင် |
| ၈။ | ဒေါ်သိန်းဆွေ | စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဝင် |
| ၉။ | ဦးပေါ်အောင် | လည်ပတ်/ပြင်ထိန်းခေါင်းဆောင် |
| ၁၀။ | ဒေါ်မစု | လည်ပတ်/ပြင်ထိန်းအဖွဲ့ဝင် |
| ၁၁။ | ဒေါ်ဝင်းနု | လည်ပတ်/ပြင်ထိန်းအဖွဲ့ဝင် |
| ၁၂။ | ဦးဝင်းချော | ဝေဖန်အကြံပြုဖြေရှင်းရေးအဖွဲ့ဝင် |
| ၁၃။ | ဒေါ်ဥရွှေ | ဝေဖန်အကြံပြုဖြေရှင်းရေးအဖွဲ့ဝင် |
| ၁၄။ | ဦးသာနွယ် | စေတနာ့ဝန်ထမ်း |
| ၁၅။ | ဒေါ်ချိုနိုင် | စေတနာ့ဝန်ထမ်း |
| ၁၆။ | ဦးသန်းရွှေ | ကျေးရွာငွေစာရင်းကိုင် |

(ကုန်ပေါက်ကီး+တောင်ခြေရှင်း )ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ

( မော်ဓါ: )အုပ်စု

( စတုတ္ထနှစ် )နှစ် စီမံကိန်းစက်ဝန်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးဝင်းရွှေ | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ခင်မြင့်ကြည် | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၃။ | ဦးအောင်ဝင်းနိုင် | ဝယ်ယူရေးခေါင်းဆောင် |
| ၄။ | ဒေါ်မမိုး | ဝယ်ယူရေးဆပ်ကော်မတီမှတ်တမ်းထိန်း |
| ၅။ | ဦးဝင်းဖို | ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၆။ | ဦးဖြိုးအောင် | စောင့်ကြည့်ကြီးကြပ်ရေးခေါင်းဆောင် |
| ၇။ | ဒေါ်ခပု | စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဝင် |
| ၈။ | ဒေါ်သိန်းရွှေ | စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဝင် |
| ၉။ | ဦးပေါ်အောင် | လည်ပတ်/ပြင်ထိန်းခေါင်းဆောင် |
| ၁၀။ | ဒေါ်မစု | လည်ပတ်/ပြင်ထိန်းအဖွဲ့ဝင် |
| ၁၁။ | ဒေါ်ဝင်းစု | လည်ပတ်/ပြင်ထိန်းအဖွဲ့ဝင် |
| ၁၂။ | ဦးဝင်းကျော် | ဝေဖန်အကြံပြုဖြေရှင်းရေးအဖွဲ့ဝင် |
| ၁၃။ | ဒေါ်ဌာရွှေ | ဝေဖန်အကြံပြုဖြေရှင်းရေးအဖွဲ့ဝင် |
| ၁၄။ | ဦးသာဇော် | စေတနာ့ဝန်ထမ်း |
| ၁၅။ | ဒေါ်ချိုနိုင် | စေတနာ့ဝန်ထမ်း |
| ၁၆။ | ဦးသန်းရွှေ | ကျေးရွာငွေစာရင်းကိုင် |

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦးရှေ့ရွှေ | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
| ပြည်နယ်/တိုင်းဒေသကြီး စစ်ကိုင်း | မြို့နယ် ပလက်ဝ | ကျေးရွာအုပ်စု ဖောင်ဒါ | ကျေးရွာ ကုန်ပေါက်တော |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ----------- | ၁၀ | ဘာသာ (၁) -မှုန်----- | ၁၀ |
| လူမျိုးစု (၂) ----------- | | ဘာသာ (၂) ----------- | |
| လူမျိုးစု (၃) ----------- | | ဘာသာ (၃) ----------- | |
| လူမျိုးစုရော ----------- အခြား | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စာသင်သားကျောင်း | | | |

| လူဦးရေ | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူမျိုးစု (၁)--အနို---- | ၄၃ | ၃၅ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၀ | |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၁----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------၁၅------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

မိုးရာသီတွင်ကြာချိန်--------------၂၅-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------

(၂) ------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးရွှေမြ |
| | လက်မှတ် (signature) နေ့စွဲ 20.10.2017 |
| လူထုစည်းရုံးရေးမှူး | အမည် ဦးသောင်းထွန်း |
| | (signature) |

# ၁၈။ပုံစံ စ-၂ စီမံကိန်းစက်ဝန်းအချိန်ဇယား

## ပုံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသောင်းထွန်း | | | |
| နေ့စွဲ 20.10.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် မင်လည်ဘူး | ကျေးရွာအုပ်စု မော်ဘိ | ကျေးရွာ ကန်ပေါ်/ကံတော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 20.10.2017 | 20.10.2017 | ၁၇ | ၁၅ | ၃၂ | တဒ္ဒ' | ၃၂ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 20.10.2017 | 20.10.2017 | ၁၇ | ၁၅ | ၃၂ | တဒ္ဒ' | ၃၂ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 23.10.2017 | 23.10.2017 | ၁၃ | ၁၀ | ၂၃ | တဒ္ဒ' | ၂၃ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး သောင်းထွန်း | | | |
| နေ့စွဲ 20.10.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
| စစ်ကိုင်း | ပင်လယ်ဘူး | မောဒါး | ဝန်မော်ကတ္တာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကလေးများ အခြေခံပညာ အားနည်း | ၁ | ဆေးခန်းမရှိ၍ ကျန်းမာရေး ခက်ခဲ |
| ၂ | ပညာသင်ကြားရာတွင် ထောက်ပံ့မှု ခက်ခဲရ | ၂ | စာကြည့်တိုက်မရှိ၍ ဗဟုသုတ အားနည်း |
| ၃ | အိမ်သာ မကောင်း၍ ကျန်းမာရေး မညီညွတ် | ၃ | ကလေးများ ဝမ်းပျက်ဝမ်းလျှောဖြစ် |
| ၄ | ရာသီ မကောင်း၍ သွားလာရ ခက်ခဲ | ၄ | ကလေးများ လုံခြုံမှု မရှိ / ကျွဲနွား ကန့်ရာယ် |
| ၅ | ကျန်းမာရေး ဆည်းသပ်ပေးရာတွင် ခက်ခဲ | ၅ | ကလေးများ နေ့ထူးဒေက ခက်ခဲ၍ ... ရ |
| ၆ | ~~သောက်သုံးရေ ရှားပါး၍ ခက်ခဲ~~ | ၆ | ပညာသင်ကြားရ ခက်ခဲသောကြောင့် စာတတ် |
| ၇ | စာသင်ကျောင်း မရှိ၍ ပညာသင်ကြားရ | ၇ | မြောက်မှု အားနည်း |
| ၈ | ခက်ခဲ | ၈ | သောက်သုံးရေ လုံလောက်မှု မရှိ |
| ၉ | | ၉ | |
| ၁၀ | | ၁၀ | |
| ၁၁ | | ၁၁ | |
| ၁၂ | | ၁၂ | |
| ၁၃ | | ၁၃ | |
| ၁၄ | | ၁၄ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကလေးများ အတတ်ပညာ တိုးပွားလာနိုင် | ၁ | အစည်းဝေးကို စနစ်တကျ ခေါင်းဆောင်နိုင် |
| ၂ | ကလေးများ ပညာသင်ကြားရာတွင် အဆင်ပြေလာသည် | ၂ | ရွာသူ/ရွာသားများ အသိပညာဗဟုသုတ တိုးပွားလာစေသည် |
| ၃ | ကျန်းမာသန့်ရှင်းပြီး ဝမ်းရောဂါကင်းနိုင် | ၃ | ကျန်းမာရေးနှင့် ညီညွတ်စွာ သွားလာနေထိုင် |

| | | | |
|---|---|---|---|
| ၄ | ရွာတွင်းလမ်းများကောင်းမွန်ခြင်း၊ သွားလာရလွယ် | ၄ | ကျောင်းသူ/သားများ လုံခြုံစွာ စာကျက်နိုင် |
| ၅ | လမ်းများကောင်းမွန်၍ သယ်ယူပို့ဆောင်ရေး | ၅ | ပညာသင်ကြားရာမှာ [illegible] ပညာသင်ကြားနိုင် |
| ၆ | သောက်သုံးရေများ သန့်ရှင်းစွာရရှိနိုင် | ၆ | စာသင်ကျောင်းရှိ၍ ကလေးများ ကျောင်းနေသူများ |
| ၇ | စာသင်ကျောင်းတွင်ကလေးများ ပညာသင်နိုင် | ၇ | မီးလင်း ရေသွယ် [illegible] |
| ၈ | | ၈ | |
| ၉ | | ၉ | |
| ၁၀ | | ၁၀ | |
| ၁၁ | | ၁၁ | |
| ၁၂ | | ၁၂ | |
| ၁၃ | | ၁၃ | |
| ၁၄ | | ၁၄ | |

၈။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | မီးလင်းရေသွယ် | +မ | ၃၅၀၀၀၀၀ | ၅၅ |
| ၂ | စာသင်ကျောင်းတည်ဆောက် | ကျ+မ | ၆၆၀၀၀၀၀ | ၂၀ |
| ၃ | စာကြည့်တိုက် | ကျ+မ | ၇၅၀၀၀၀၀ | ၇၀ |
| ၄ | စာသင်ကျောင်းမိုးပါ | [illegible]+မ | ၄၅၀၀၀၀၀ | ၃၀ |
| ၅ | စာသင်ကျောင်းခုံ [illegible] | [illegible]+မ | ၃၀၀၀၀၀၀ | ၃၀ |
| ၆ | ရွာတွင်းလမ်းကျောက်ခင်း | ကျ+မ | ၃၈၀၀၀၀၀ | ၇၈ |
| ၇ | ရွာချင်းဆက်လမ်းကျောက်ခင်း | ကျ+မ | ၁၂၀၀၀၀၀၀ | ၆၈၅ |
| ၈ | ကျေးရွာခန်းမဆောင် | မ | ၆၅၀၀၀၀၀ | ၁၀၅ |
| ၉ | | | | |
| ၁၀ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
| --- | --- | --- | --- |
| ၁ | ၂၄-နာရီ မီး | က+မ | |
| ၂ | စိုက်ပျိုးရေးနည်းစနစ် | က+မ | |
| ၃ | မွေးမြူရေးနည်းစနစ် | က+မ | |
| ၄ | စက်ပြင်သင်တန်း | က | |
| ၅ | အပ်ချုပ်ပညာ | မ | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးဝင်းရွှေ -------------- လက်မှတ် ---[illegible]--------------- နေ့စွဲ 20.10.2017

## ၁၂။ ပုံစံ စ-၄။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးသောင်းထွန်း | |
| နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း စစ်ကိုင်း မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု မော်ပြီး |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ခဲတွင်း | စာသင်ဆောင် | ၄၀'x၃၀'x၁၉' | | □ ကျား □ မ ☑ ကျား + မ | ၁၁၆၄၃၀၀၀ | | – | – | ၁၁၆၄၃၀၀၀ |
| မော်ကြီး | စာသင်ဆောင် | ၄၀'x၃၀'x၁၉' | | □ ကျား □ မ ☑ ကျား + မ | ၁၁၈၄၃၀၇၀ | | – | – | ၁၁၈၄၃၀၇၀ |
| | | | | □ ကျား □ မ □ ကျား + မ | | | – | – | |
| | | | | □ ကျား □ မ □ ကျား + မ | | | – | – | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးစိုးမင်း

# ၁၃။ အစည်းအဝေး မှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ...ကန်စပါကတာ + တောင်ခြေရင်း...

ကျေးရွာအုပ်စု ...ဖော်ခါး...

အစည်းအဝေးပြုလုပ်သည့်နေရာ ...ဘုန်းကြီးကျောင်း ရပ်...

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ...20.10.2017...

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ...လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်အစည်းအဝေး + ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၂၆ )ဦး၊ မ( ၁၃ )ဦး=( ၃၉ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ဖော်ခါးအုပ်စုတွင် လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စတုတ္ထနှစ်စီမံကိန်း စက်ဝန်း လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန်အတွက် တောင်ခြေရင်းကျေးရွာတွင် (20.10.2017) ရက်နေ့ မနက်ပိုင်းတွင် အစည်းအဝေးကို စတင်ကျင်းပပါသည်။ အစည်းအဝေးတွင် ပထမဦးစွာ တောင်ခြေရင်းကျေးရွာ၊ ရွာခွဲခေါင်းဆောင်မှ အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဦးဆောင်ထွန်းမှ စီမံကိန်း ရည်ရွယ်ချက်၊ စီမံကိန်း မူဝါဒ၊ သဘောတရား၊ အကြောင်းအရာများကို လူထုအား ရှင်းလင်းပြောကြားပါသည်။ ထို့နောက် စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်းနှင့် ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီဝင်များကို အများဆန္ဒဖြင့် ရွေးချယ်ခဲ့ကြသည်ပြီးပြီး အစည်းအဝေးကို နံနက် (၁၁း၃၀) အချိန်တွင် ရပ်နားခဲ့ပါသည်။

ဆွေးနွေးချက်။

တက်ရောက်လာကြသော ရွာသူ/သားများသည် ကော်မတီဖွဲ့စည်းရာတွင် မိမိတို့ကျေးရွာနှစ်ရွာသည် ယခုနှစ် ဒုတိယနှစ်စီမံကိန်းစက်ဝိုင်းတွင် လုပ်ငန်းခွဲ မလုပ်တော့သော ကြောင့် ကော်မတီဖွဲ့စည်းရာတွင် လူသစ်မရွေးတော့ပဲ တတိယနှစ်စီမံကိန်းစက်ဝိုင်းတွင် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော ကော်မတီဝင်များကိုသာ ဆက်လက်ခန့်ထားပေးရန် ရပ်မိရပ်ဖများမှ ဆွေးနွေးတင်ပြပါသည်။

ဆုံးဖြတ်ချက်။

ကော်မတီဝင်များ ရွေးချယ်ခန့်ထားရာတွင် တတိယနှစ်စီမံကိန်းစက်ဝိုင်းတွင် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော ကော်မတီဝင်များကို ခန့်ထားရန် သဘောတူဆုံးဖြတ်ကြပါသည်။

ဒေါ်ချိုမြင့်
မှတ်တမ်းတင်သူ

**လူထုဗဟိုပြုစီမံကိန်း**

**စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်**

**ကျေးရွာအစည်းအဝေးမှတ်တမ်း**

ကျေးရွာ ...ကန်ပေါက်တော+တောင်ခြေရင်း...

ကျေးရွာအုပ်စု ...ဖောက်ခါး...

အစည်းအဝေးပြုလုပ်သည့်နေရာ ...ဘုန်းတော်ကြီးကျောင်း ရင်ပြင်...

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ...20.10.2017...

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ...ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း...

........................................................................

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၂၆ )ဦး၊ မ( ၁၃ )ဦး=( ၃၉ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်

အစည်းအဝေးတွင် တက်ရောက်လာကြသော ကန်ပေါက်တော ကျေးရွာမှ ရွာသူ/သားများနှင့် တောင်ခြေရင်းကျေးရွာမှ ရွာသူ/သားများ များသည် မိမိတို့ကျေးရွာတွင် နောင်ငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို တစ်ရွာချင်းစီ စုဝေးပြီး ဆွေးနွေးတိုင်ပင်ကာ ဖော်ထုတ်ခဲ့ပါသည်။ ထို့နောက် ကန်ပေါက်တော ကျေးရွာမှ ရွာသူ/သားများသည် မိမိတို့ ရွေးချယ်ထားသော လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ရာတွင် Matrix Rinking ကိုအသုံးပြု၍ အများဆန္ဒဖြင့် ရွေးချယ်သတ်မှတ်ကြပါသည်။ ထို့နောက် တောင်ခြေရင်းကျေးရွာမှ ရွာသူ/သားများမှ တစ်ခုချင်းစီ ရွေးချယ်ဖော်ထုတ်ထားသော လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ရာတွင် Matrise Rinking ကိုအသုံးပြု၍ နောင်ငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းအဆင့်များကို ရွေးချယ်သတ်မှတ်ရာတွင် အများဆန္ဒဖြင့် ရွေးချယ်သတ်မှတ်ကြပါသည်။

ဆုံးဖြတ်ချက်။

တက်ရောက်လာကြသော ရွာသူ/သားများသည် ရွေးချယ်ခဲ့ကြသော လုပ်ငန်းများကို

စီမံကိန်းစတင်ပြီး နှစ်တွင်း၌ လုပ်ဆောင်သော်လည်း နောင်(၅)နှစ်တွင် မြို့နယ်သို့တင်ပြ

တောင်းခံသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ကြပါသည်။

သဘောတူညီချက်

မိမိတို့ကျေးရွာမှ (၅)နှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအား မိမိတို့ကျေးရွာ

အနေဖြင့် လုပ်ဆောင်နိုင်မည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

ဖြစ်ကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်။

(signature)
ဒေါ်ချိုနိုင်
မှတ်တမ်းတင်သူ

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်

နောက်ဆက်တွဲ (၄)ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်

မူရင်းသည် VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအားTPICသို့ပို့ရပါမည်။ MIS data အနေဖြင့် သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့)အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | စာကြည့်တိုက် | ☑ ကျား ☑ မ | | |
| | ၂ | စာသင်ကျောင်းဆောက် | ☑ ကျား ☑ မ | | |
| | ၃ | စာသင်ကျောင်းမိုးပါ | ☑ ကျား ☑ မ | | |
| | ၄ | ရွာချင်းဆက်လမ်း | ☐ ကျား ☐ မ | | |
| | ၅ | ရွာတွင်းလမ်းကျောက်ခင်း | ☐ ကျား ☐ မ | | |
| | ၆ | | ☐ ကျား ☐ မ | | |
| | ၇ | | ☐ ကျား ☐ မ | | |
| | ၈ | | ☐ ကျား ☐ မ | | |
| အသက်မွေးဝမ်းကျောင်းလုပ်ငန်း/စီးပွားဖွံ့ဖြိုးရေး | ၁ | ၂၄ နာရီမီး | ☑ ကျား ☑ မ | | |
| | ၂ | စိုက်ပျိုးရေးနည်းစနစ် | ☑ ကျား ☑ မ | | |
| | ၃ | မွေးမြူရေးနည်းစနစ် | ☑ ကျား ☑ မ | | |
| | ၄ | စက်ပြင်သင်တန်း | ☑ ကျား ☐ မ | | |
| | ၅ | အပ်ချုပ်သင်တန်း | ☐ ကျား ☑ မ | | |
| | ၆ | | ☐ ကျား ☐ မ | | |
| | ၇ | | ☐ ကျား ☐ မ | | |
| | ၈ | | ☐ ကျား ☐ မ | | |

| | | | | | |
|---|---|---|---|---|---|
| ကျန်းမာရေးနှင့်အဟာရ | ၁ | | ☐ ကျား ☐ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| | ၆ | | ☐ ကျား ☐ မ | | |
| | ၇ | | ☐ ကျား ☐ မ | | |
| | ၈ | | ☐ ကျား ☐ မ | | |
| ပညာရေး | ၁ | စာသင်ကျောင်းဆောင် | ☑ ကျား ☑ မ | | |
| | ၂ | စာသင်ကျောင်းခုံ/ပါး | ☑ ကျား ☑ မ | | |
| | ၃ | စာသင်ကျောင်းအိမ်သာ | ☑ ကျား ☑ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| | ၆ | | ☐ ကျား ☐ မ | | |
| | ၇ | | ☐ ကျား ☐ မ | | |
| | ၈ | | ☐ ကျား ☐ မ | | |
| အခြား | ၁ | စိမ့်.စမ်း:ဂေဟာဘုပ် | ☑ ကျား ☑ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| | ၆ | | ☐ ကျား ☐ မ | | |
| | ၇ | | ☐ ကျား ☐ မ | | |